**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.org Email: cnf.headquarters@gmail.com

## (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကျေညာချက်

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့**

၁။ ယနေ့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ (၂၀) ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့သည် လူမျိုးနွယ်စု အကြီးအကဲများ၏ မိမိနယ်မြေအလိုက် မိရိုးဖလာ ကျင့်သုံးလာခဲ့သည့် အမွေဆက်ခံ အုပ်ချုပ်ရေး စနစ်ဟောင်းမှ ချင်းလဲန်းတခုလုံးကို စုစည်း၍ အမျိုးသားကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်သစ်ဖြင့် ကျင့်သုံးအုပ်ချုပ်နိုင်ရေးအတွက် ချင်းအ မျိုးသားနိုင်ငံရေးစုစည်းမှုကို ထုတ်ဖော်ပြသသည့် သမိုင်းဝင် နေ့ထူး နေ့မြတ်ပင်ဖြစ်သည်။

၂။ အာဏာရှင်စနစ်မှုန်သမျှ အမြစ်ပြတ်ချေမှုန်းပြီး အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာမခံချက်ရှိ သော ချင်းလဲန်းတည်ဆောက်ရန်နှင့် နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် တိုက်ပွဲဝင်ယင်း အသက်ပေးလှူသွားကြသည့် အာဇာနည်များ၊ ကိုယ်အင်္ဂါ တစိတ်တပိုင်းကို ပေးလှူသွားသည့် ရဲဘော်များအားလုံး အပေါ် ဦးညွှတ်ဂါရဝပြုကြောင်းနှင့် တော်လှန်ရေးကာလအတွင်း လူမှုဒုက္ခ ပေါင်းစုံ ရင်ဆိုင်ကြုံတွေ့ နေရသော ပြည်သူ အားလုံးအပေါ် စာနာကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

၃။ ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) အရ ဖွဲ့စည်းထားသည့် ချင်းလဲန်းကောင်စီ ၊ ချင်းလဲန်းအစိုးရ၊ ချင်းလဲန်း လွှတ်တော်နှင့် တရားလွှတ်တော်တို့၏ လုပ်ငန်းယန္တရားများ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် အစွမ်းကုန် ပံ့ပိုးခြင်းဖြင့် ချင်းလဲန်းကို တည်ဆောက်သွားမည်ဖြစ်သည်။ ချင်းအမျိုးသားပြည်သူများအနေဖြင့် ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းလဲန်းတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကြပါရန် တိုက်တွန်းလိုပေသည်။

၄။ အကြမ်းဖက် စစ်ကောင်စီသည် ၃ နှစ်တာ နွေဦးတော်လှန်ရေးတွင် အင်အားပြုန်းတီးမှု များပြားလွန်းခြင်း၊ စစ်သား မစုဆောင်းနိုင်တော့ခြင်းစသည့် စစ်ရေး အကြပ်အတည်းများကြောင့် စစ်မှုမထမ်းမနေရစနစ်(၂၀၁၀)ကို ပြန်လည်အသက်သွင်းလာခဲ့သည်။ ဤလုပ်ရပ်သည် စစ်ရေးတွင် ပြည်သူကို လူသားဒိုင်းအဖြစ် အသုံးပြုနိုင်ရန် အတင်းအဓမ္မ စစ်သားစုဆောင်းခြင်းပင်ဖြစ်သည်။

Chin National Front – General Headquarters, Chinland

ထို့ကြောင့် စစ်မှုမထမ်းမနေရ ဥပဒေနှင့် အကျုံးဝင်နေသူ လူငယ်လူရွယ်များအနေဖြင့် စစ်အာဏာရှင်စနစ် ဖြုတ်ချရေးတွင် ပူးပေါင်းပါဝင်လာကြပါရန် တိုက်တွန်းနှိုးဆော်လိုပေသည်။

၅။ ယနေ့ ၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီ (၂၀) ရက်တွင် ကျရောက်သော(၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အား ချင်းအမျိုးသား ပြည်သူတရပ်လုံးမှ အမျိုးသားနိုင်ငံရေးအနှစ်သာရ ရှိရှိကျင်းပကြပါရန် ဆန္ဒပြုပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland